ပေကုန်းကျေးရွာ

ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပေကုန်းကျေးရွာ၊ဟသ်ာတမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၂ |
| စကားချီး | | ၇ |
| ပေကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် | | ၈ |
| ပေကုန်းကျေးရွာရာသီခွင်ပြ ပြက္ခဒိန် | | ၉ |
| ပေကုန်းကျေးရွာ အဖွဲ့အစည်းပြမြေပုံ | | ၁၀ |

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

| | | |
|---|---|---|
| (၁) | နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| | (၁.၁) ရည်ရွယ်ချက် | ၁၁ |
| | (၁.၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၁၂ |
| (၂) | ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၁၃ |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | ၁၃ |
| | (ခ) သဘာဝအရင်းအမြစ်များ | ၁၃ |
| (၃) | ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၁၃ |
| | (က) လူဦးရေဆိုင်ရာ အချက်လက်များ | ၁၃ |
| | (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၄ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | ၁၄-၁၅ |
| | (ဃ) ကျန်းမာရေးနှင့် အာဟာရ | ၁၅ |
| | (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | ၁၅ |
| | (စ) ကျားမဆိုင်ရာဆက်နွယ်မှု | ၁၆ |
| (၄) | ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၆ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု | ၁၆-၁၇ |
| | (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | ၁၇ |
| | (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၇-၁၈ |
| | (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု | ၁၈ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၈-၁၉ |
| | (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၉ |
| | (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | ၂၀ |
| | (ဇ) အခြေခံအဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | ၂၀-၂၁ |
| | (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | ၂၁ |

(၅) ဖွံ့ဖြိုးရေးအတွက်ကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊
အဟန့်အတားနှင့် စိန်ခေါ်မှုများ ၂၁
(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ ၂၁-၂၂
(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု ၂၂
(၆) ပန်းတိုင်နှင့်မဟာဗျူဟာ ၂၃
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား
အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၄
(၈) စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၂၆
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၆-၂၇
(ခ) ကဏ္ဍ နှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း ၂၇
(ဂ) ဦးစားပေး စီမံချက်များ ၂၈
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၉
(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၃၀-၃၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်
အစီအစဉ်များ ၃၁
(၁၀-၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၁
(၁၀-၂)ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း ၃၂
(၁၀-၃)ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၃၂
(၁၀-၄)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာ
အစီအမံများ ၃၃
(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၃
(၁၁-၁)ကြီးကြပ်စစ်ဆေးခြင်း ၃၃-၃၄
(၁၁-၂)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ ၃၅

**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၆**
(၁) လူမှုစီးပွားရေး အခြေအနေ

| | | | |
|---|---|---|---|
| | ဇယား ၁ | လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ | ၃၆ |
| | ဇယား ၂ | လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား | ၃၇-၃၉ |
| | ဇယား ၃ | လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား | ၄၀-၄၁ |
| | ဇယား ၄ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု | ၄၁-၄၂ |
| | ဇယား ၅ | ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ | ၄၂ |
| | ဇယား ၆ | ဥစ္စာနေအဆင့်အခြေအနေ | ၄၃ |
| | ဇယား ၇ | ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ | ၄၄ |
| | ဇယား ၈ | ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ | ၄၅ |
| | ဇယား ၉ | ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၄၅-၄၆ |
| | ဇယား ၁၀ | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ၄၇ |
| (၂) | ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ | | ၄၈ |
| | ဇယား ၁၁ | ကျေးရွာတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ | ၄၈-၄၉ |
| | ဇယား ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ | ၄၉ |
| | ဇယား ၁၃ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု | ၅၀ |
| | ဇယား ၁၄ | ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ | ၅၁ |
| | ဇယား ၁၅ | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၅၂ |
| | ဇယား ၁၆ | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၅၂-၅၃ |
| | ဇယား ၁၇ | သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ | ၅၄ |
| | ဇယား ၁၈ | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ | ၅၅ |
| | ဇယား ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၅၆-၅၇ |
| | ဇယား ၂၀ | မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၅၇-၅၈ |
| | ဇယား ၂၁ | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၅၉-၆၀ |
| | ဇယား ၂၂ | စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက်အခွင့်အလမ်းများ | ၆၁-၆၂ |
| | ဇယား ၂၃ | စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၆၂-၆၃ |
| | ဇယား ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ | ၆၃ |

| | | |
|---|---|---|
| ဇယား ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း | ၆၄ |
| ဇယား ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ | ၆၄ |
| ဇယား ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၆၅ |
| ဇယား ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၆၆-၆၇ |
| ဇယား ၂၉ | ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ | ၆၈ |
| ဇယား ၃၀ | ပညာရေးနှင့်စာတတ်မြောက်မှု | ၆၉ |
| ဇယား ၃၁ | ကျောင်းတက်နှုန်း | ၆၉ |
| ဇယား ၃၂ | စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ | ၇၀-၇၁ |
| ဇယား ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၇၂ |
| ဇယား ၃၄ | အဖြစ်များသော ရောဂါများ | ၇၂-၇၃ |
| ဇယား ၃၅ | လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၇၃ |
| ဇယား ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၇၄-၇၅ |
| ဇယား ၃၇ | သောက်သုံးရေရရှိမှု | ၇၅-၇၆ |
| ဇယား ၃၈ | အိမ်သာအမျိုးအစား | ၇၇ |
| ဇယား ၃၉ | ကျား၊ မရေးရာ | ၇၈ |
| ဇယား ၄၀ | ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ | ၇၉ |
| ဇယား ၄၁ | ကျေးရွာ၏ တံတားတည်ရှိမှု | ၈၀ |
| ဇယား ၄၂ | ရေကြောင်း သယ်ယူပို့ဆောင်ရေး | ၈၁ |
| ဇယား ၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၈၁ |
| ဇယား ၄၄ | လျှပ်စစ်မီးရရှိမှု အခြေအနေ | ၈၂ |
| ဇယား ၄၅ | ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ | ၈၃ |
| ဇယား ၄၆ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၈၃-၈၄ |
| ဇယား ၄၇ | ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု | ၈၄ |
| ဇယား ၄၈ | မှုခင်းဖြစ်ပွားမှု အခြေအနေ | ၈၅ |

**ကိုးကားစာရင်း** **၈၆**

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ပေကုန်းကျေးရွာ၏ ကျေးရွာသူ/သားများပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုရာအိမ်မှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကိုယခင်ကာလများကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့်စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပေကုန်းကျေးရွာ
ဟသ်ာတမြို့

ဩဂုတ်လ၊ ၂၀၁၈ ခုနှစ်    ရက်

## ပေကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဟသ်ာတမြို့နယ်




ညွှန်းချက်

ဘုန်းကြီးကျောင်း

စာသင်ကျောင်း

တံတား

ဖုန်းတာဝါတိုင်

လယ်ကွင်း

သုသာန်

လူနေအိမ်

အင်း

# ပေကုန်းကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟင်္သာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကဲ | ဓါတ်မြေသြဇာ | ဆေးဖျန်း | ဆေးဖျန်း | စပါးရိတ်သိမ်း | မတ်ပဲစိုက် | ပိုးသတ်ဆေးဖျန်း | - | ပဲသိမ်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | နည်း | များ | များ | များ | နည်း | များ | များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မိုးရေကြီး | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

ပေကုန်းကျေးရွာ အဖွဲ့အစည်းပြမြေပုံ



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သောအဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကိုအ ခြေခံကာ ဦးစားပေးစီမံချက်များချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေရန်အတွက်ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အား ဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော် ရာတွင်ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်း

နိုင်မည့်စီမံချက်များကို နှစ်အလိုက်ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည်ဟသ်ာတမြို့နယ်အတွင်းရှိ ငဝန်ရေကာတာနှင့်ငဝန်မြစ်ကမ်းဘေးတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ဟသ်ာတမြို့နှင့်(၁၈)မိုင် ကွာဝေးပါသည်။ ကျေးရွာသည် မြစ်ဝကျွန်းပေါ် မြေပြန့်လွင်ပြင်ဒေသဖြစ်သောကြောင့် လယ်၊ကိုင်း၊စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီးမွေးမြူရေးလုပ်ငန်းကိုလည်းတပိုင်တနိုင် လုပ်ကိုင်ကြသည်။ငဝန်မြစ်ကမ်းဘေးတွင်တည်ရှိသောကြောင့် ငါးဖမ်းလုပ်ငန်းကိုလည်းအနည်းငယ်လုပ်ကိုင်ကြသည်။မိုးရွာသွန်းမှုမှာ ပုံမှန်သာရှိပြီးရံဖန်ရံခါနှစ်များတွင် မိုးရွာသွန်းမှုပိုလေ့ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင်မိုးရေကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ မြစ်ရေတင်စီမံကိန်းရှိသော်လည်းလုံလောက်သောရေပေးဝေနိုင်မှု မရှိသောကြောင့် နွေစပါးစိုက်ပျိုးခြင်းမရှိဘဲ မတ်ပဲအားဆောင်သီးနှံအဖြစ်အစားထိုး စိုက်ပျိုးကြသည်။ မိုးရာသီတွင် ရေကာတာအပြင်ဘက် ငဝန်မြစ်ဘက်ခြမ်း၌ ရေကြီးရေလျှံမိုးမှုရှိပြီး ကမ်းပါးပြို ခြင်းများလည်းဖြစ်ပွားပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး တော/တောင်များမရှိခြင်းကြောင့် သဘာဝသယံဇာတပစ္စည်းများနှင့် တိရစ္ဆာန်မျိုးစိတ်များ တွေ့ရှိရခြင်းမရှိပါ။ မြေဆီလွှာအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပြီး ထွန်ယက်စိုက်ပျိုးနိုင်သော မြေအမျိုးအစားဖြစ်ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ပေကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၉၉)စုနှင့် ကျား(၃၆၇)၊ မ(၄၁၀) ဦးဖြင့် လူဦးရေပေါင်း(၇၇၇)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦး နှုန်းဖြင့် နိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုး များနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေ၏ (၆၄) ရာခိုင်နှုန်းရှိပြီး အမျိုးသမီးလူဦးရေမှာ အမျိုးသားလူဦးရေထက် (၂၃)ရာခိုင်နှုန်းပိုများသဖြင့် အမျိုးသမီး များလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်

အကိုင်များဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်များအား ထိရောက်စွာ အသုံးချနိုင်ပြီးကျေးရွာဖွံ့ဖြိုးရေးအတွက်ပိုမိုအထောက်အကူပြုစေပါသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး မတ်ပဲအား ဆောင်းသီးနှံအဖြစ် အစားထိုးစိုက်ပျိုးကြပါသည်။ နွေစပါးစိုက်ပျိုးခြင်းမရှိပါ။ စိုက်ပျိုးရေးလုပ်ငန်းအားအဓိကထားလုပ်ကိုင်နေရသော်လည်း အခက်အခဲနှင့်စိန်ခေါ်မှုများစွာ ရှိနေပါသည်။ အချိန်အခါမဟုတ် သီးနှံဖျက်ပိုးများ ကျရောက်မှုကြောင့် ရင်းနှီးရမှုစရိတ်ကြီးမားခြင်း၊နည်းပညာလက်လှမ်းမှီနိုင်မှု အခက်အခဲရှိခြင်းတို့ကြောင့်ရွာသူရွာသားများမှ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်နေရသော်လည်း ဝင်ငွေပိုင်ဆိုင်မှုအနေအထားမှာ အလွန်နည်းပါးကြပါသည်။ စီးပွားအဆင့်နှင့် ဆင်းရဲ ချမ်းသာကွာဟမှုမှာ ကျေးရွာရှိအိမ်ထောင်စု အားလုံး၏(၃၉)ရာခိုင်နှုန်းမှာ အလွန်ဆင်းရဲကြပြီးဆင်းရဲသော အိမ်ထောင်စုမှာ (၃၄)ရာခိုင်နှုန်း၊ အဆင်ပြေသော အိမ်ထောင်စုမှာ (၂၇)ရာခိုင်နှုန်း တို့ဖြစ်ကြပါသည်။

လယ်ယာပိုင်ဆိုင်မှုမှာအသင့်အတင့်သာရှိပြီး လယ်ယာသုံးစက်ကိရိယာ ပစ္စည်းမှာ ပိုင်ဆိုင်မှု အနည်းငယ်သာရှိကြပါသည်။ အများစုမှာ ငွေးရမ်းထွန်ယက်ကြရခြင်း၊ ငှားရမ်းစရိတ်မြင့်မားမှုတို့ကြောင့် ကျေးရွာ၏စီးပွားတိုးတက်မှုအနေအထားမှာ ထင်သလောက် အကျိုးဖြစ်ထွန်းမှု မရှိပေ။မြေယာမဲ့ ရွာသူ၊ ရွာသားများမှာလည်း မြေယာပိုင်ဆိုင်သူများ၏လုပ်ငန်းများတွင် နေ့စားဝင်ရောက်လုပ်ကိုင်ကြပါသည်။ အချို့ရွာသူရွာသားများသည် ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင်ရှိသော လက်သမားလုပ်ငန်း၊ ပန်းရံလုပ်ငန်းနှင့် ရန်ကုန်တက်၍သွားရောက်လုပ်ကိုင်ကြခြင်းဖြင့်မိမိတို့၏ဝမ်းစာအခက်အခဲများကိုပြေလည်အောင်ဖြေရှင်းကြပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သော အိမ်ထောင်စုများနှင့် ငွေတိုးချေးလုပ်ကိုင်သော အိမ်ထောင်စုများသာလျှင် ငွေကြေးအဆင်ပြေကြပါသည်။ ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုမှာအများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့ အိမ်ထောင်စုများလည်းရှိပါသည်။ မြေယာမဲ့အိမ်ထောင်စုမှာ (၁၀၇)ရှိကာဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

ပေကုန်းကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ(၅)ပုံ (၃)ပုံခန့်ရှိသော်လည်းစိုက်ပျိုးရေးလုပ်ငန်းများတွင်အဓိကလုပ်ကိုင်ကြပြီးဆောက်လုပ်ရေးလုပ်ငန်း၊လက်လီဈေးရောင်းခေါင်းရွက်ဗျတ်ထိုးလုပ်ငန်းများ စသည်တို့တွင်လုပ်ကိုင်ကြသည်။ ၎င်းတို့သည်

လုပ်အားခကြွေးယူခြင်း၊ ဆွေမျိုးမိတ်ဆွေများနှင့် ငွေတိုးချေးစားသူများထံမှချေးယူခြင်း၊ ခေါက်ပြန်ပေးအကြွေးယူခြင်းအပြင် လုပ်အားခဖြင့်ဝယ်ယူခြင်း၊ အခြားဒေသများသို့သွားရောက်အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့်စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြပါသည်။

ချေးငွေများကိုအသုံးပြုပုံမှာ စားသုံးရန်အတွက်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ပညာရေးတို့အတွက် ဒုတိယအနေအထားတွင်သုံးစွဲကြသည်။ကျေးရွာတွင်ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှုနည်းသည့် သက်ကြီးရွယ်အို(၁၇)ဦးဖြစ်ကြသည်။ မိုးရာသီမြစ်ရေကြီးချိန်တွင် မြစ်ကမ်းဘက်အခြမ်းတွင်နေထိုင်သော အိမ်ထောင်စု(၁၀၀)ခန့်မှာ မြစ်ရေကြီးမှု၏ဒဏ်ကို နှစ်စဉ်ခံကြရသော်လည်း မြစ်ရေကြီးမှုလွန်ကဲသောနှစ်များတွင် ထိခိုက်မှုများပြားလာကြောင်းတွေ့ရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရရှိကြသည်။ ကလေးငယ်အများစုသည်လည်း ကျန်းမာရေးကောင်းမွန်ကြပြီး ရွာရှိမူလတန်းကျောင်းတွင်လည်း ကျေးရွာ အလှူရှင်များမှ အာဟာရတိုက်ကျွေးမှုများပြုလုပ်ပေးလေ့ရှိပါသည်။ကျန်းမာရေးဌာနမှ လာရောက်ပြုလုပ်ပေးသောကျောင်းကျန်းမာရေးနှင့် ကလေးငယ်များ၏ တစ်ကိုယ်ရည် သန့်ရှင်းရေးကို မိဘ၊ ဆရာ၊ ဆရာမများမှ ဂရုတစိုက် ပြုလုပ်ပေးကြသည်။ ရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာမှ(၂)မိုင်ခန့်အကွာရှိ ဓမ္မိတိုက်နယ်ဆေးရုံ၊ ဆေးခန်းတွင် အလွယ်တကူ ကုသနိုင်သော်လည်း မိုးရာသီတွင် သွားလာမှုအခက်အခဲ နှင့်ရင်ဆိုင်နေရပါသည်။

ကျေးရွာတွင် ရေတွင်း၊ ရေကန်၊လက်နှိပ်တုံကင် ၊ စက်တွင်းများရှိသော်လည်းသုံးရေသာရရှိပြီး သန့်ရှင်းသောသောက်ရေအတွက် လုံလောက်မှုမရှိပါ။ ကျေးရွာတွင် ယင်လုံအိမ်သာကို အိမ်ထောင်စုတိုင်းသုံးစွဲကြသောကြောင့် ကျန်းမာသန့်ရှင်းမှုကို အလေးထားသော ကျေးရွာဖြစ်ပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ပေကုန်းကျေးရွာတွင် အခြေခံပညာရေးကို ရွာရှိမူလတန်းကျောင်းတွင် သင်ကြားပြီး အလယ်တန်း၊အထက်တန်းပညာကို ရွာနှင့်(၂)မိုင်ခန့်ကွာဝေးသော ဓမ္မိ

အထက်တန်းကျောင်းတွင် သွားရောက်သင်ကြားရပါသည်။ တက္ကသိုလ်တက်ဆဲနှင့် ဘွဲ့ရ ပညာ တတ်မြောက်မှုမှာ နည်းနေခြင်းကိုတွေ့ရပါသည်။

ဘွဲ့ရကျောင်းသား၊ ကျောင်းသူ အချို့သာ အစိုးရဌာနများတွင် ဝင်ရောက်အမှုထမ်း နေကြပါသည်။

### (စ) ကျား၊မဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား၊မရေးရာကိစ္စနှင့် ပတ်သက်ပြီး အချိုးညီမျှမှုရှိပါသည်။ ကျား၊မရေးရာတာဝန်ယူမှုအပိုင်းတွင်လည်း နိုင်ငံတော်မှ ချမှတ်ထားသည့်စံနှုန်းများ အတိုင်းလိုက်နာ ကျင့်သုံးလျက်ရှိပါသည်။ ကျေးရွာတွင် ကျား၊မ အကြား ပြင်းထန်သော အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံမှုများ မရှိပါ။ ကျေးရွာတွင်ဖွဲ့စည်းထားသော အဖွဲ့ အစည်းများတွင် သော်လည်းကောင်း၊ ရပ်ရွာအခြေပြု ကျေးရွာပြင်ပအဖွဲ့အစည်းများတွင် သော်လည်းကောင်းအများအားဖြင့် အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရပါသည်။ ပညာရေးနယ်ပယ်တွင်လည်း ကျေးရွာမှ ကောက်ယူရရှိသော ကိန်းဂဏန်းအချက်အလက် များအား ကြည့်ခြင်းအားဖြင့် အတန်းပညာသင်ယူမှုမှာလည်း အမျိုးသားများနည်းတူ အမျိုးသမီးများသည် ပညာသင်ယူနိုင်ကြပြီး ခွဲခြားနိမ့်ချ ဆက်ဆံခြင်းမျိုးမရှိပါ။ ကျေးရွာ ၏ အုပ်ချုပ်ရေးပိုင်းတွင်မူ အမျိုးသားများမှ ဦးဆောင်ကြပြီး ကျေးရွာ၏ဖွံ့ဖြိုးရေး၊ ဘာသာရေးနှင့် သာရေးနာရေးစသော အဖွဲ့အစည်းများတွင် အမျိုးသမီးများ၏ ဦးဆောင်မှု ကဏ္ဍမှာလည်း အမျိုးသားများနှင့်တန်းတူ တာဝန်ယူကြပါသည်။သို့သော် အမျိုးသမီးများ၏ နေ့ထွက်လုပ်အားခမှာ အမျိုးသားများနှင့်နှိုင်းယှဉ်လျှင် အနည်းငယ် နည်းနေသည်ကိုလည်း တွေ့ရှိရပါသည်။ ပညာပေးအစီအစဉ်များ၊ ဟောပြောပွဲများ ပြုလုပ် ပေးနိုင်ပါကကျား၊မရေးရာဆက်နွယ်မှုကိစ္စများတွင် ယခုထက်ပိုမိုပြီး အထောက် အပံ့ကောင်းများဖြစ်လာနိုင်မည်ဟု ထင်မြင်ယူဆမိပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသ ဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည် ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ပေကုန်းကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာလမ်းကော်မတီ၊ မိဘ ဆရာ အသင်း ၊ရပ်မိရပ်ဖ၊ ဂေါပက၊ ကျောင်းအကျိုးတော်ဆောင်၊အရန်မီးသတ်တပ်ဖွဲ့

တို့သည် ကျေးရွာ၏ သာရေးနာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာဆောင်ရွက်နေပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်းညွှန်ချက်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ပေကုန်းကျေးရွာတွင် စပါးနှင့် မတ်ပဲကို အဓိကထားစိုက်ပျိုးကြပါသည်။ စပါးကို မိုးရာသီတွင် စိုက်ပျိုးကြပြီး ဆောင်းသီးနှံအဖြစ် မတ်ပဲအား အဓိကထား စိုက်ပျိုးကြပသည်။ လယ်ယာမြေ ဧကမှာ(၃၁၃)ဧက ရှိပြီး ကိုင်း၊ ကျွန်း စိုက်ပျိုးနိုင်သော မြေဧကမှာ(၁၁၆.၅)ဧကရှိပါသည်။ မိုးစပါးတစ်ဧကပျမ်းမျှ အထွက်နှုန်းမှာ(၇၀)တင်း ၊ မတ်ပဲတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၁၁)တင်းနှုန်းထွက်ရှိကြပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာနှင့်ဝန်ဆောင်မှုမှာ နည်းပါးသော်လည်း ပြင်ပစိုက်ပျိုးရေး ပစ္စည်းကုမ္ပဏီများမှ တောင်သူများအတွက် နည်းပညာနှင့်ဝန်ဆောင်မှုများပေးနေသည်ကို တွေ့ရှိရပါ သည်။ လယ်ယာမြေစိုက်ပျိုးဧကများပြားပြီး အလုပ်သမားရှားပါးမှုနှင့်ငှားရမ်းခကြီးမြင့်မှုတို့ကြောင့် ကုန်ကျစရိတ်မြင့်မားရပါသည်။ စပါးဖျက်ပိုးကျရောက်မှု နည်းပါးပြီး မတ်ပဲစိုက်ခင်းများတွင်သာ ဖျက်ပိုးပိုမိုကျရောက်လေ့ရှိပါသည်။

ယခုအခါ ပြင်ပကုမ္ပဏီများမှ လာရောက်၍ ဖျက်ပိုးနှိမ်နင်းရေး နည်းပညာနှင့် ဆေးဝါးတို့အား သက်သာသော ဈေးနှုန်းဖြင့်ဖြန့်ဖြူးရောင်းချပေးပါသည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးအနေဖြင့် နွား၊ဝက်၊ကြက်၊ဘဲတို့ကိုမွေးမြူကြပါသည်။ နွားနှင့် ဝက်မှာတစ်ရွာလုံးအတိုင်းအတာနှင့်မွေးမြူ၍ အဆင်ပေးသော်လည်း ကြက်နှင့်ဘဲမွေးမြူရေးတွင်မူ ရာသီအလိုက်တိရစ္ဆာန်ရောဂါများ အထူးသဖြင့် (ကြက်နာ)ရောဂါ အဖြစ်များပြီး အရွယ်မတိုင်မီ သေဆုံးမှုများရှိပါသည်။နည်းပညာဝန်ဆောင်မှုကို မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်ခြင်း၊ ကျေးရွာများပြားခြင်းတို့ကြောင့် ဝန်ဆောင်မှုရရှိနိုင်ရန် အလွန်နည်းပါးပါသည်။ ကျေးရွာတွင် ရေလုပ်ငန်းများအား ရေပေါ်ရေလျှံ သာလုပ်ကိုင်ကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ပေကုန်းကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းနှင့် ဝင်ငွေရလုပ်ငန်း လုပ်ကိုင်နိုင်ခြင်းမရှိသေးပါ။အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများမှာ လက်သမား

၊ပန်းရံ၊ဆိုင်ကယ်ကယ်ရီပို့ဆောင်ရေးလုပ်ငန်း၊ဈေးရောင်း (အိမ်ဆိုင်)၊ခေါင်းရွက်ဗျက်ထိုးရောင်းချခြင်းနှင့် ကျပန်းအလုပ်လုပ်ကိုင်ကြသူများ ရှိကြသည်။အခြားဒေသများသို့လည်း လုပ်ငန်းမျိုးစုံကို ရိုးသာစွာ လုပ်ကိုင်နေကြပါသည်။ကျေးရွာတွင် စပါးနှင့် မတ်ပဲကို အဓိကထား စိုက်ပျိုးကြပြီး ကိုင်းကျွန်းလုပ်ကိုင်သူများမှာမူ ပဲမျိုးစုံနှင့် ပြောင်းတို့ကို ဈေးကွက် အပေါ်မူတည်၍ ရွေးချယ်စိုက်ပျိုးကြပါသည်။ စပါးရိတ်သိမ်းမှု ခေတ်စနစ်ပြောင်းလဲလာသည်နှင့် အမျှလက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်း၍ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ငှားရမ်းလုပ်ကိုင်ကြသောကြောင့် စပါးရိတ်သိမ်းချိန်တွင် အလုပ်အကိုင်ရှားပါးပါသည်။ဆောင်းသီးနှံဖြစ်သော မတ်ပဲနှုတ်ချိန်တွင်သာအလုပ်အကိုင် အသင့် အတင့် ပြန်လည်ရရှိကြပြီး စားဝတ်နေရေးအဆင်ပြေကြပါသည်။

### (ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ပေကုန်းကျေးရွာ၏ စိုက်ပျိုးရေးတွင် သဘာဝမြေသြဇာများကို အသုံးပြုမှုနည်းပါးလာပြီး ဓါတုမြေသြဇာများ၊ ဓါတုပိုးသတ်ဆေးများကို လိုအပ်သည်ထက် ပိုမိုအသုံးပြုလာသောကြောင့် စိုက်ပျိုးမြေများမှာ မြေဆီသြဇာများခမ်းခြောက်လာပြီး မြေဆီလွှာခမ်းခြောက်မှုများ ဖြစ်ပေါ်လာပါသည်။ မြေဆီလွှာပျက်စီးလာမှုကြောင့် သဘာဝဆေးဘက်ဝင်အပင်များလည်း ရှားပါးလာကာ အပင်များအတွက် ရောဂါကာကွယ်ထိန်းချုပ်မှု အားနည်းလာသောကြောင့်ဖျက်ပိုး များ ကျရောက်မှုရှိနေပါသည်။

ဘေးကင်းလုံခြုံရေးအတွက်မည်သည့်အဖွဲ့ မည့်သည့်ဌာနမှ သင်တန်းပေးခြင်း၊ ကြိုတင် စီမံပေးခြင်းမရှိပါ။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရေဒီယို၊တီဗွီတို့မှ သိရှိရပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ လယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ချေးသော တစ်ဧကလျှင် (၁၅၀၀၀၀)နှုန်းဖြင့် (၁၀)ဧကအထိ ချေးယူနိုင်ပါသည်။ ၎င်းချေးငွေအား လယ်သမား(၇၅)ဦးခန့်မှ နှစ်စဉ်(၈၀၀၀၀၀၀၀)သိန်းခန့်ကို ချေးယူ ကြပြီး ကာလလတ်ချေးငွေဖြစ်ပါသည်။

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့်အစီအစဉ်မှာ လယ်သမားများနှင့် ကိုင်းသမားများကိုသာ အဓိကထား ထုတ်ချေးပေးပြီး ငွေပမာဏမှ (၁)ဦးလျှင်(၁)သိန်းမှ စတင်၍ အနည်းငယ်ထပ်တိုးတိုးပြီးချေးပေးပါသည်။ အတိုးနှုန်းမှာ (၁.၅)ကျပ်နှုန်းဖြစ်ပြီး (၆)လ လျှင်(၁)ကြိမ် ပြန်ဆပ်/ထုတ်စနစ်ဖြင့် ချေးပေးပါသည်။ ကိုရီးယားချေးငွေ ဝန်ဆောင်မှု

အဖွဲ့မှ ချေးငွေသည် ကာလတို ချေးငွေဖြစ်ပြီး (၂)သိန်းအထိ ချေးယူ နိုင်ပါသည်။ ၎င်း ချေးငွေအား (၁)ပတ်လျှင် (၄၆၀၀)ကျပ်ဖြင့် အကြိမ်(၅၀) ပြန်ဆပ်ရပါသည်။ အကြိမ် (၂၀)ပြည့်ပါက နောက်ထပ် ထပ်ဆောင်းငွေ(၁)သိန်း ပြန်လည်ထုတ်ချေးပေးပါသည်။ ၎င်း ငွေအား အမျိုးသမီးများသာ ချေးယူ၍ရပြီး ကျေးရွာရှိ အမျိုးသမီး(၁၅၀)ဦးအား သိန်း (၃၀၀) ထုတ်ချေးပေးထားပါသည်။ ချေးယူရရှိသော ငွေများအား လယ်ယာလုပ်ငန်းတွင် လည်းကောင်း ၊စားဝတ်နေရေးတွင် လည်းကောင်း ၊ကျန်းမာရေး နှင့် ပညာရေးအတွက် လည်းကောင်း အသုံးပြုကြပြီး ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ စီးပွားရေးအဆင့် သတ်မှတ်ချက်(၃)နှင့် (၄)တို့အား လေ့လာဆန်းစစ်ချက် အရ တစ်အိမ်ထောင်လျှင် အကြွေးတင်ရှိမှု ပမာဏမှာ ကျပ်(၁)သိန်းမှ (၃)သိန်းထိ ရှိ ကြောင်း တွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ပေကုန်းကျေးရွာရှိ အခြေခံပညာမူလ တန်းကျောင်းဆောင်မှာ (၁၂၀'×၃၀'× ၁၀') ရှိသော အုတ်ညှပ်ကျောင်းဆောင်ဖြစ်ပြီး အရည်သွေးအပိုင်းအားဖြင့် ညံ့ပိုင်းရောက်ရှိနေ သည်ကို တွေ့ရှိရပါသည်။ ကျောင်းတွင်အစိုးရခန့် ဆရာ၊ ဆရာမ(၆)ဦး အထွေထွေ လုပ်သား(၁)ဦးရှိပြီး ကျောင်းသားနှင့် ဆရာမအချိုး ညီမျှမှုရှိပါသည်။ ကျောင်းအိမ်သာ အခြေအနေမှာ အစိုးရဆောက် အုတ်ကာရေလောင်းအိမ်သာ ဖြစ်သော်လည်း သဘာဝ ဘေးဒဏ်ကြောင့် ယိုယွင်းပျက်စီးမှုရှိကာ လတ်တလောသင့်သလို အသုံးပြုနေရပါသည်။ ကျောင်းပရိဘောဂနှင့် စာရေးခုံမှာ ပြည့်စုံလုံလောက်မှုရှိပြီး ဝန်ထမ်းအိမ်ရာ လည်း ကောင်းမွန်မှုရှိပါသည်။သောက်သုံးရေနှင့် ပတ်သက်ပြီး အဝီစိ စက်တွင်းရေကို အသုံး ပြု ကာ ရေလှောင်ကန်မှာလည်းကောင်းမွန်မှုရှိပါသည်။ ကျောင်းသားလူငယ်များ၏ ပညာရေး အခြေအနေနှင့် ပတ်သက်ပြီး မူလတန်းအဆင့် အောင်မြင်သူ ရာနှုန်းပြည့် ရှိသော်လည်း အထက်တန်းအဆင့်အောင်မြင်မှုမှာ ရာနှုန်းနည်းပါးလှသည်ကို တွေ့ရှိရပါသည်။

ကျေးရွာကျန်းမာရေးအတွက်ကာကွယ်ဆေးထိုးနှံမှုများကို ကျန်းမာရေးဝန်ထမ်း များမှ လာရောက်ထိုးနှံပေးပါသည်။သာမန်ဖျားနာမှုများကို ကျေးရွာရှိ ဆေးဆိုင်များမှ ဆေးများနှင့်ဆေးမီးတိုများကို သုံးစွဲကြသည်။ ဆိုးရွားသောရောဂါများနှင့် မတော်တဆ ဖြစ်ပွားသော ပြင်းထန်သောရောဂါများအတွက် ရွာနှင့်(၂)မိုင်ဝေးကွာသော ဓမ္မိတိုက်နယ် ဆေးရုံသို့ သွားရောက်ကုသရပါသည်။ ထိုသို့သွားလာရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် သွားလာရေးခက်ခဲမှုများ ရှိပါသည်။ ရွာသူရွာသားများမှလည်း ကျန်းမာရေး ဆေးပေးရေးရရှိရေးကို လိုလားကြပါသည်။

သောက်သုံးရေနှင့်ပတ်သက်ပြီး မြေအောက်ရေကို အဓိကထား အသုံးပြုကြသည်။ မြေအောက်ရေရရှိရေးအတွက် စက်တွင်း၊လက်နှိပ်တုံကင်များကို အသုံးပြုကြရသည်။ ထို့ကြောင့် ရေသန့်နှင့်ပတ်သက်ပြီးရွာ၌ ရေသန့်ရရှိရေးလိုအပ်မှုရှိပါသည်။ သုံးရေအတွက် ရေစက်နှင့် လက်နှိပ်တုံကင်မှရရှိသောရေမှာလုံလောက်မှုရှိပါသည်။ရေတက်သော မိုးတွင်းကာလတွင် လက်နှိပ်တုံကင်များမှာ အသုံးမပြုနိုင်သောကြောင့် အခက်အခဲရှိပါသည်။ရွာ၌ ရေသန့်ရေပေးဝေ မှုစက်ရှိလျှင် သောက်ရေအတွက် အဆင်ပြေမှာဖြစ်ပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

ပေကုန်းကျေးရွာတွင် လူငယ်များအတွက် အားကစားနှင့်ကာယ လေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြုပစ္စည်းများ မရှိခြင်းအတွက် ကိုယ်ကာယသန်စွမ်းမှုနှင့် အားကစားဝန်ဆောင်မှုများ လိုအပ်နေပါသည်။ ရွာ၏ လူမှုရေးလုပ်ငန်း၊ သာရေးနာရေး၊ ဘာသာရေးပွဲတော်များတွင် ရပ်ရွာအကြီးအကဲခေါင်းဆောင်တို့၏ လမ်းညွှန်မှုအောက်တွင် စည်းစည်းလုံးလုံးနှင့်တက်ကြွစွာ ပါဝင်လုပ်ကိုင်ကြပသည်။ ရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်နိုင်ရန် လူငယ်အဖွဲ့ကို စနစ်တကျဖွဲ့စည်းရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အဆိုပြုကြပါသည်။ အခါကြီး ရက်ကြီးဖြစ်သော မြန်မာနှစ်ဆန်း(၁)ရက်နေ့ရောက်တိုင်း ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်ကန်တော့ပွဲနှင့် သက်ကြီးပူဇော်ပွဲများကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပါသည်။

**(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမှီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာသည် သွားလာရေးအတွက် ဆည်မြောင်းဦးစီးဌာနပိုင် ဝဝန်ရေကာတာကိုသာ အဓိကထား၍ အသုံးပြုနေရပါသည်။ ကျေးရွာနှင့် ရထားလမ်း၊ ကားလမ်းမှာ (၂)မိုင်ခန့်ဝေးကွာပြီး ထိုရေကာတာလမ်းမှာ စက်ဘီး၊ဆိုင်ကယ်ကိုသာ အသုံးပြုနိုင်ပါသည်။ ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက် ကား၊သုံးဘီးဆိုင်ကယ် အသုံးပြုနိုင်မှုမရှိသောကြောင့် ကုန်ထုတ်၊ ကုန်ယူမှုအတွက် အခက်အခဲများစွာရှိသည်။ သွားလာရေးအဆင်ပြေစေရန်နှင့် ကုန်ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေး ပိုမိုတိုးတက်လာရန် ကုန်ထုတ်လမ်းဖောက်လုပ်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြ၍ အကူအညီတောင်းခံတင်ထားမှုလည်းရှိပါသည်။

ကျေးရွာတွင်ကိုယ်ထူကိုယ်ထစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်မှုကို (၂၀၁၅) ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ကိုယ်ထူကိုယ်ထ စနစ်ဖြစ်သောကြောင့် လျှပ်စစ်မီးသုံးစွဲသူများထံမှ ရန်ပုံငွေကောက်ခံ၍ အသုံးပြုခြင်းဖြစ်သည့်အတွက်

ဆင်းရဲနွမ်းပါးသောလူတန်းစားများမှာ ရန်ပုံငွေထည့်ဝင်မှုမပြုနိုင်သောကြောင့် လျှပ်စစ်မီးသုံးစွဲနိုင်မှုမရှိပါ။ ထို့ကြောင့် ရွာ၌လျှပ်စစ်မီးရှိသော်လည်း ဖယောင်းမီး ၊ဘတ္တရီမီး အသုံးပြုသူအိမ်ထောင်စုဦးရေမှာ (၈၀%)ရှိပါသည်။ လက်ရှိသုံးစွဲနေသောဓါတ်အားလိုင်းမှာလည်း ထည့်ဝင်မှုရန်ပုံငွေနည်းပါးမှုကြောင့် လျှပ်စစ်ဓါတ်အားကြိုးအရည်အသွေးကောင်းမွန်မှုမရှိပါ။ထိုဓါတ်အားကြိုးအရည်အသွေးကောင်းမွန်မှုရှိမှသာတစ်ရွာလုံးမီးလင်းနိုင်မည်ဖြစ်ပါသည်။ တစ်ရွာလုံးဆင်းရဲချမ်းသာ အိမ်ထောင်စုမရွေး လျှပ်စစ်မီးလင်းနိုင်ရန်အတွက် လျှပ်စစ်ဓါတ်အားကြိုးလဲလှယ်ရမည်ဖြစ်သောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ရရှိလာမည့် ဖွံ့ဖြိုးရေးငွေနှင့် လျှပ်စစ်မီးအသုံးမပြုနိုင်သေးသော ဆင်းရဲသောအိမ်ထောင်စုများထဲမှ တတ်နိုင်သမျှ ထည့်ဝင်နိုင်မည့် ရန်ပုံငွေများကိုစုပေါင်းပြီး တစ်ရွာလုံးမီးလင်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေကြပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း၌လည်းတစ်ရွာလုံးလျှပ်စစ်မီးသုံးစွဲနိုင်ရေးကို ဦးစားပေးအနေဖြင့် ဆောင်ရွက်နေပါသည်။

### (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ပေကုန်းကျေးရွာသည် တည်ငြိမ်အေးချမ်းရေးအတွက် ကျေးရွာရှိ ရပ်မိ၊ ရပ်ဖဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့၏ လမ်းညွှန် မှုများကို ဆောင်ရွက်ကြပါသည်။ရွာတွင်အပျော်အပါးအနေဖြင့်တန်ဆောင်တိုင်ရက်များတွင် သစ်သီးဝလံ ခိုးယူစားသုံးကြပြီး ကြီးမားသော အမှုအခင်းများမရှိကြပေ။ ကျွန်ုပ်တို့ကျေးရွာသည် ရဲစခန်း၊ မြို့နယ်အုပ်ချုပ်ရေးရုံးတို့နှင့် အလွယ်တကူ ဆက်သွယ်သွားလာချိတ်ဆက်နိုင် ခြင်းတို့ကြောင့် မှုခင်းဖြစ်ပွားမှုနှုန်းကို ကြိုတင်ကာကွယ် တားဆီး ပေးနိုင်ပါသည်။ နွေရာသီရောက်ချိန်တွင် မီးဘေးဖြစ်ပွားမှုမရှိစေရန် အရန်မီးသတ်တပ်ဖွဲ့ နှင့် ကျေးရွာရှိ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများနှင့် ပူးပေါင်းကာ မီးကင်းကို လိုက်လံ စစ်ဆေးကြပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ပေကုန်းကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပြီး မူလတန်းအောင်မြင်သူများမှာ (၂)မိုင်ခန့် ဝေးကွာသော ခမ္ဘီအထက်တန်းကျောင်းသို့ နေ့ချင်းပြန်တက်ရောက်နိုင်ပါသည်။ တောင်သူလယ်သမားများအတွက် လိုအပ်သော

လယ်ယာသုံး စက်ပစ္စည်း၊ စိုက်ပျိုးရေးပစ္စည်း၊ အိမ်သုံး ပစ္စည်းအမျိုးမျိုးတို့ကို (၁၇)မိုင်ခန့် ဝေးကွာသော ဟသ်ာတမြို့သို့ သွားရောက်ဝယ်ယူနိုင်ပါသည်။ ကျေးရွာတွင် လျှပ်စစ်ဓာတ်အားရရှိ သော်လည်း အဆင်ပြေသောအိမ်ထောင်စု အနည်းငယ်မျှသာ သုံးစွဲနိုင်ကြပြီး မီးမသုံးစွဲနိုင် ကြသော အိမ်ထောင်အများစုမှာ ထင်းမီးကိုသာ အသုံးပြုနေကြပါသည်။ရွာသူ၊ ရွာသားအများစုသည် ကျန်းမာရေး ကောင်းမွန်ကြပြီး အိမ်ထောင်စုစာရင်း ကောက်ယူခြင်းမှ ရရှိသော ကိန်းဂဏန်း အချက်အလက်များအရ (၁၅)နှစ်အထက်မှ (၆၅)နှစ်အထိ လူဦးရေ အားလုံး၏ ထက်ဝက်ကျော်မှာ အလုပ်လုပ်နိုင်သောအရွယ်များ ဖြစ်ကြပါသည်။ သာမန် ဆေးဝါးကုသမှုခံယူရန်အတွက် ဓမ္မိတိုက်နယ်ဆေးရုံသို့ သွားရောက်ကြပြီး အရေးပေါ်ကုသမှု ခံယူရန်လိုအပ်ပါက ဟသ်ာတမြို့ပေါ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၊ ဆေးခန်း၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများသို့သွားရောက်၍ ဆေးဝါးကုသမှု ခံယူကြပါသည်။ တစ်နှစ်ပတ်လုံး မိုးရွာသွန်းမှုကောင်းခြင်းကြောင့် မိုးစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးရန် အလွန်ကောင်းမွန်ပါသည်။မွေးမြူရေးတွင် နွား၊ကြက်၊ဝက်များကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာတွင်တစ်ရွာလုံးအနေဖြင့် အိမ်တိုင်းစေ့ လျှပ်စစ်မီးလင်းရေးကို အလိုရှိကြသော်လည်း အဟန့်အတားအနေဖြင့် ရွာရှိလျှပ်စစ်မီးကော်မတီမှမဟာ ဓာတ်အားကြိုး အရည်အသွေးအားနည်း၍ လဲလှယ်ရန်အတွက်မီတာဆွဲလိုသူများ အနေဖြင့် ရန်ပုံငွေထည့်ဝင်ရမည်ဟု စည်းမျဉ်းများ ချမှတ်ထားပါသည်။ ထိုသို့ ချမှတ်ထားသော စည်းမျဉ်းမှ ရန်ပုံငွေသည် ဆင်းရဲသော ပြည်သူများအတွက် များပြားလွန်းလှ၍ လျှပ်စစ်မီးအသုံးပြုရန် အခက်အခဲ ရှိနေကြရသည်။ တစ်ရွာလုံး လျှပ်စစ်မီး အသုံးမပြုနိုင်သောကြောင့် ကလေးများ ပညာရေး၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းနှင့် အခြားဖွံ့ဖြိုးရေးအတွက် နောက်ကျစေနိုင်သော အဟန့်အတားများဖြစ်ပါသည်။

ထိုအခြေအနေများကိုကျော်လွှားနိုင်ရန် ဆင်းရဲသောအိမ်ထောင်စုများထံမှ တတ်နိုင်သောရန်ပုံငွေသာ ကောက်ခံပြီး ထိုမှရရှိသောရန်ပုံငွေနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ရရှိလာမည့် ဖွံ့ဖြိုးရေးငွေကို စုပေါင်း၍ဆောင်ရွက်လျှင် လျှပ်စစ်မီး အခက်အခဲကို ကျော်လွှားနိုင်မည်ဟုမျှော်မှန်းထားပါသည်။

ကျေးရွာ၏လယ်ယာထွက်ကုန်များကို သယ်ယူပို့ဆောင်ရန် လမ်းအဖြစ် ရေကာတာလမ်းကိုသာ အသုံးပြုနေရသောကြောင့် သယ်ယူပို့ဆောင်ရေး အတွက်

အခက်အခဲရှိပြီး မိုးရာသီကာလတွင် သွားလာရေး ပိုမိုခက်ခဲသော အခြေအနေများနှင့်ကြုံတွေ့ နေရပါသည်။ ထိုအခြေအနေများကို ကျော်လွှားနိုင်ရန် ရာသီမရွေး သွားလာနိုင်ပြီး ခရီးလမ်းအကွာအဝေး ပို၍နီးသော ကုန်ထုတ်လမ်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်လျှင် ကျေးရွာနေပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး အခြေအနေ တိုးတက်လာမည် ဖြစ်သည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

ကျွန်ုပ်တို့ပေကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုအဆင့်အတန်းမြင့်မားရေးအတွက် လုပ်ကိုင် ဆောင်ရွက်ရန် ဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်း အဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲပြီးဖြစ်ပါသည်။ ၎င်းပန်းတိုင် အတွက် အကောင်အထည်ဖော်ရေး စီမံကိန်းများ ရေးဆွဲထားပါသည်။

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တိုင်ပင်ညှိနှိုင်းပြီး (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

(က.၁)ကျေးရွာလူထုသည် အိမ်ထောင်စုတိုင်း လျှပ်စစ်မီးရရှိရန် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ ပညာရေး၊ကျန်းမာရေး၊လူမှုစီးပွားရေးနှင့် သတင်းအချက်အလက်များ အသိပညာဖွံ့ဖြိုးရေးကဏ္ဍများ တိုးတက်လာမည်ဖြစ်ပါသည်။

(က.၂)ကျေးရွာလူထုသည်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းဖြင့် ရွာ၏သွင်းကုန်ထုတ်ကုန်နှင့် စီးပွားရေးအခြေအနေများ တိုးတက်ရုံသာမက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် လူမှုရေး၊ကျန်းမာရေး၊ပညာရေးနှင့်လူနေမှုအဆင့်အတန်းတိုးတက်လာမည်ဖြစ်ပါသည်။

(က.၃) ကျေးရွာလူထုသည် ကျေးရွာ၏ ရေသန့်စက်နှင့်ရေပေးဝေမှု လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် သန့်ရှင်းလက်ဆက်သောရေကို ရာသီမရွေးရရှိနိုင်ခြင်းကြောင့် သောက်သုံးရေနှင့်ပတ်သက်သော အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

(က.၄) ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်းဖြင့် ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတိုးတက်လာမည်ဖြစ်ပါသည်။

(က.၅)လူငယ်များ၏ အသက်မွေးဝမ်းကျောင်း ပညာရပ်များ တက်မြောက်ကျွမ်းကျင် မှုရှိစေခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာမည်ဖြစ်ပါသည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(ခ.၁) ကျွန်ုပ်တို့သည် ကျေးရွာလူထု၏ သဘောတူညီချက်ဖြင့်ချမှတ်ထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များအားသက်ဆိုင်ရာဦးစီးဌာနများ၊အလှူရှင်များ၊ကျေးရွာလူထု၏ ပြည်သူထည့်ဝင်ငွေ ၊ လုပ်အားတို့နှင့် ပေါင်းစပ်ညှိနှိုင်းမှုများ အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

(ခ.၂) လျှပ်စစ်မီးလင်းရေးအစီအစဉ်နှင့်ပတ်သက်ပြီး ရွာမှထည့်ဝင်သော ငွေနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ရရှိလာမည့် ဖွံ့ဖြိုးရေးငွေကို စုပေါင်း၍ အရည်အသွေးပြည့်မီသော ဓါတ်အားကြိုးလဲလှယ်လုပ်ဆောင်ရန်ရည်မှန်းထားပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်ထိမှတဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ဖော်ထုတ်ပေး နိုင်ခဲ့ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ၊ ကျေးရွာသားများ၏ အားထုတ်လုပ်ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့်

ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်ရန် ပြုပြင်ရေးဆွဲခြင်း စသည်တို့ဆောင်ရွက်နိုင်ရန် အကူအညီဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

## (ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

ပေးကုန်းကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေ ရရှိမှုကလည်း အဓိကဖြစ်ပါသည်။ကျေးရွာများတွင် ချေးငွေများထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလလတ်ချေးငွေ)တစ်ခုထဲကိုသာ ဦးစားပေးဆောင်ရွက် ပေးနေသောကြောင့် အခြား သီးနှံစိုက်ပျိုးသူတောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်၍ လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သောချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီးဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

## (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များဖြည့်ဆည်းပေးခြင်း

ပေကုန်းကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုတစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသော နည်းပညာများလိုအပ်ခြင်းပင်ဖြစ်သည်။ ဒေသထွက်ကုန်များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာ ဦးစီးဌာနများ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောနိုင်ငံတကာ အဖွဲ့အစည်းများ၏ ပူပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့ပြင်အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သော လုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ် ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက်လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် ရှေ့ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်း

များကို ဈေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာ သင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာအသုံးချနိုင်ရုံမကဒေသတွင်းတစ်နိုင်တစ်ပိုင်အသေးစားလုပ်ငန်းများတိုးတက် လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုကို မြင့်မားလာခြင်း၊အခြားဒေသများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမနေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်း များတိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်း စသည် ဖြင့်ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်ပေမည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင် ဆောင်ရွက် ရမည်ဖြစ်ပါသည်။ စီမံကိန်း(၅)နှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည်(၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲ ချိန်တွင် စိစစ်ရွေးချယ်ထားသည်။ ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက် နိုင်မည် မဟုတ်ပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု(၂-၃) နှစ်ကျော်လာချိန်တွင် စီမံကိန်း(၅)နှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံ ဖော်ထုတ်ပြီး လုပ်ဆောင်ရန်လိုအပ်လာပါမည်။ဆိုးရွားသောသဘာဝဘေးအန္တရာယ်သက် ရောက်မှုများမရှိခဲ့လျှင် (၅)နှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် ပြောင်းလဲမှုရှိမည် မဟုတ် သော်လည်း စီမံကိန်း(၅)နှစ်တာအတွင်း ထပ်တိုးစီမံချက်များရှိလာနိုင်ပါသည်။

ထို့ကြောင့်ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှစ် ငွေကြေး စီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊

သဘာဝဘေးအန္တရာယ်၊အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့(၅)နှစ်တာ အတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင် အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကိုအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြားသုံးသပ်ရာ တွင် များစွာအထောက်အကူပြုပါမည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification)သည် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူ ပြုပါသည်။ (Economic classification)သည် စီမံချက်များ၏ အကျိုးရလဒ်ဖြစ်ထွန်းမှု များအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

